ပြည်ထောင်ကျေးရွာ

နန်းကွေ့ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပြည်ထောင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၁၈

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၆

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၆

(ခ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၈


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉


နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၇

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၇၅




ရာသီဥတု ပြက္ခဒိန်
စဉ်
Jan
Feb
March
April
May
June
July
August
Sept
Oct
Nov
Dec
၁ ရာသီဥတု
၂ အလှူအကိုင်
၃ သောက်ရေရှာဖွေ
၄ ဝင်ငွေ
၅ ကောဂါ (လူ)
၆ ကောဂါ (တိရစ္ဆာန်)
၇ အိမ်နှံကောဂါ
၈ သဘာဝဘေး
၉ ဝန်းစားမှုလုပ်ငန်း
၁၀ ပျော်ပွဲစားပွဲ


ကွာတွင်း / ပြင် ဟပ်သော အစည်းများ ခွဲခြားဆက်ဆံမှု
ဖွဲ့စည်း
ကျောင်းကော်မတီ
အုပ်ချုပ်ရေးမှူးရုံး
ဘုန်းကြီးကျောင်း
အမျိုးသမီး ဌာနခွဲ
ကာကွယ်ရေး
သာရေးနာရေး

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပြည်ထောင်ကျေးရွာသည်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့၏ နောက်မြောက်ဘက်(၇)မိုင်အကွာ မြစ်ကြီးနား-မန္တလေးရထားသံလမ်းဘေး တွင်တည်ရှိသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၀)ဧက၊ယာမြေ/တောင်ယာမြေ (၂၅)ဧက နှင့် မြေလွတ်လပ် (၄၆) ဧက ၊စုစုပေါင်း (၁၁၁)ဧက ရှိသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်သော်လည်း ကျန်စိုက်ပျိုးမြေများ မရှိကြပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး ပညာရေးသီးသန့် လုပ်ဆောင်သောအဖွဲ့ (၁)ဖွဲ့၊ ဘာသာရေးသီးသန့်လုပ်ဆောင်သောအဖွဲ့ (၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ (၁) ဖွဲ့ နှင့် သာရေးနာရေး၊ ဘာသာရေးလုပ်ဆောင်သောအဖွဲ့(၁)ဖွဲ့၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ဆောင်သော အဖွဲ့(၁) ဖွဲ့ ရှိသည်။၄င်းအဖွဲ့များ အားလုံး၏ စွမ်းဆောင်ရည်မှာ အသင့်အတင့်သာဖြစ် သည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် အိမ်ခြေ (၁၁၈) ရှိသည့်အနက် မြေယာမဲ့၁၀၄အိမ်(၈၈%) ရှိသောကြောင့် မြေယာမဲ့များ အလွန်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲသားတောင်သူ ၄ အိမ်၊ တောင်သူ ငယ် ၃ အိမ်ရှိသော်လည်း ပိုင်ဆိုင်မှုမြေဧက နည်းပြီး တောင်သူလတ် ၂ အိမ်နှင့် တောင်သူကြီး ၅ အိမ်မှာမြေယာပိုင်ဆိုင်မှုများကြောင်းတွေ့ရှိရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် မြေယာ ပိုင်ဆိုင်မှုနည်းကြောင်း တွေ့ရှိရသည်။ အဓိကအားဖြင့် စပါးကိုစိုက်ပျိုးကြသည်။ မြေယာမဲ့ အိမ်ထောင်စု အများစုမှာစျေးဆိုင်ဖွင့်ခြင်းနှင့် ကုမ္ပဏီပိုင်ခြံများတွင်ကျပန်းသွားရောက် လုပ်ကိုင် ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြသည်။ စပါးအထွက်နှုန်း မှာ တစ်ဧက ၃၀တင်း မှ ၄၀တင်း အထိထွက်ရှိသည်။ ပိုင်ဆိုင်မှုလယ်မြေများနည်းပါးကြပြီး လယ်ယာသုံးစက်ကရိယာများလည်း ပိုင်ဆိုင်မှု မရှိကြပါ။

ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပြီး သဘာဝမြေဆွေးနွားချေး၊ အော်ဂဲနစ်မြေဩဇာ နှင့် အခြားအော်ဂဲနစ်သွင်းအားစုများ နှင့် ပါတ်သက်၍ သုံးစွဲလေ့မရှိ၊ ဗဟုသုတလည်း မရှိကြပါ။ လယ်ယာထွက်ကုန်များကိုလည်း စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ ဖျက်ပိုးနှင့် ရောဂါများ အသင့်အတင့် ကျရောက်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားကို ၁၆ အိမ်မှ ၁၃၂ ကောင်၊ ကျွဲကို ၂ အိမ်မှ ၁၀ ကောင်၊ ဝက်ကို ၁ အိမ်မှ ၃ ကောင်၊ ကြက်ကို ၄၀ အိမ်မှ ၆၉၁ ကောင်နှင့် ဘဲကို ၃ အိမ်မှ ၂၄ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက် ၍ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိပြီး စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ စျေးနှင့်နီးပြီး စျေးကွက်လုံလောက်မှုရှိသော်လည်း တိုးမြှင့်မွေးမြူရန် ချေးငွေမရှိခြင်းနှင့် နှစ်စဉ် နှစ်အလိုက်ရောဂါများကျရောက်သောကြောင့် အကျိုးအမြတ်နည်းကာ မွေးမြူသူနည်းပါးသည်။

မျိုးတိရစ္ဆာန်များလည်း လက်လမ်းမီမှုမရှိပါ။ သွင်းအားစုများကိုလွယ်ကူစွာ ဝယ်ယူနိုင်သည်။ အိမ်ခြံဝင်း အတွင်းတွင် မြေနေရာအလုံအလောက်မှုရှိသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများမှာ ဆောက်လုပ်ရေး၊ပန်းရံလုပ်ငန်းနှင့် ရထားဘူတာရှိသောကြောင့် ဘူတာတွင်စျေးရောင်းခြင်း၊ ဝန်ထမ်းနှင့် ကျပန်းလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့်ဝန်ဆောင်မှုများမရရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ကျွမ်းကျင်စွာတတ်မြောက်မှုလည်းအားနည်းကြသည်။ ထို့ကြောင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများ တက်ရောက်လို ကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအနေဖြင့် စိုက်ပျိုးရေးဘဏ်မှငွေချေးပေးခြင်း ၁ ခု သာရှိသည်။ ကာလလတ် ချေးငွေများ ဖြစ်သောကြောင့် ရွာသူ/သားများနှင့် ကိုက်ညီသော နှစ်ရှည်ချေးငွေများချမှတ်ပေးရန် နှင့် မွေးမြူရေးချေးငွေများချမှတ်ပေးရန်လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၂ စင်း၊ စက်ဘီး ၁၈ စင်း၊ မော်တော်ဆိုင်ကယ် ၁၁၉ စီး၊ ထော်လာဂျီ ၁၁ စီး၊ ကား ၁၃ စီး နှင့် နွားလှည်း၅ စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်မျိုးစုံရှိပြီး ဆိုင်ကယ်ကိုအများဆုံး အသုံးပြုနေကြသည်။

ရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီးမိုးတွင်းချိန်တွင်သွားလာရခက်ခဲ၍ နွေရာသီတွင်ဖုံထူသဖြင့် ရွာတွင်းလမ်းအဆင့်မြှင့်တင်ရန်လိုအပ်သည်။ ရွာတွင်းတံတားများမရှိပါ။

ရွာချင်းဆက်လမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်ကာ အသင့်အတင့်ကောင်းမွန်သည်။ ရေကြောင်းအသုံးပြုခြင်းမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိပြီးဖြစ်သော်လည်း မဟာဓါတ်အားလိုင်းသုံးစွဲသူ (၈၄) အိမ်သာရှိပြီး ဆိုလာအသုံးပြုသူ (၄၀) အိမ်နှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ (၆)အိမ် ရှိသည်။ အချို့အိမ်များမှာ ဆိုလာနှင့် မဟာဓါတ်အားလိုင်း(၂) မျိုးလုံး အသုံးပြုကြသည်ကို တွေ့ရသည်။ ဆင်းရဲသော အိမ်ထောင်စု ၃၄ စုခန့်မှာ လျှပ်စစ်မီးတပ်ဆင်နိုင်ခြင်းမရှိသေးပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၂၂၉ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော၊ အော်ရီဒူး၊ (၃) လိုင်းစလုံး မိုပြီး လိုင်းကောင်းသည်။

ရေဒီယို ၂၂ လုံးအသုံးပြုနေကြသော်လည်း ယေဘူယျအားဖြင့် အသုံးပြုသူနည်းနေသည်ကို တွေ့ ရသည်။

တီဗီ ၈၈ လုံးနှင့် ဂြိုလ်တုစလောင်း (၇၁) လိုင်း (စကိုင်းနက် + ပီအက်အိုင်) များကို အသုံးပြုကြသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)အဆင့်သာရှိသောကြောင့် အထက်တန်း ကို ပမ္မတီးအထက်တန်းကျောင်းထိ ဆက်လက်သင်ယူကြရသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူအနည်းငယ်ရှိသည်။ ကျောင်းဆောင်များမှာ အမိုး၊အကာနှင့် အခင်းများ ပျက်စီးနေသည်။ ကျောင်းပရိဘောဂများ လုံလောက်မှုလည်းမရှိပါ။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုအသင့်အတင့်ရှိသည်။ အားကစားပစ္စည်း လုံလောက်မှုလည်း မရှိပါ။ ကျောင်းစာကြည့်တိုက်နှင့် ကလေးကစားကွင်းပြုလုပ်လိုကြသည်။

ကျေးရွာတွင် စာမတတ်သူများမှာ သက်ကြီးရွယ်အိုများသာဖြစ်ကြပါသည်။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၃.၆) ရာခိုင်နှုန်းအထိ များပြားပြီး၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၃၀.၆) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူမှာ (၂၄.၈) ရာခိုင်နှုန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁၀.၁)ရာခိုင်နှုန်း ရှိသဖြင့် ကျေးရွာတွင် ပညာတတ်မြောက်သူအသင့်အတင့်ရှိကြောင်းတွေ့ရပြီး ကျေးရွာအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်လာနိုင်သည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကာကွယ်ဆေးများကို နှစ်စဉ်ပုံမှန်ထိုးပေးလေ့ရှိသည်။ ကျေးလက်ဆေးပေးခန်းမရှိပါ။ အရေးပေါ်အခြေအနေများတွင် (၇)မိုင်ခန့်ဝေးသော မြစ်ကြီးနားမြို့နယ်ဆေးရုံသို့ကား စီးလုံးငှါး၍သွားကြရသည်။ ထို့ကြောင့် သားဖွားသင်တန်း၊ရှေးဦးပြုစုခြင်းသင်တန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်ထောက်ပံ့ပေးရန် တင်ပြကြသည်။

ကျေးရွာတွင် သောက်ရေတွင်း (၄၅) တွင်းနှင့် အဝီစိတွင်း/တုံကင် (၆)တွင်း သာရှိပြီး တစ်ရွာလုံး နွေ၊မိုး၊ဆောင်းအသုံးပြု ကြရသည်။ရေအရည်အသွေးစစ်ဆေးထားမှုရှိပြီး ကောင်းမွန်သည်။

ကျေးရွာတွင် အိမ်ခြေ (၁၁၈) အိမ် ရှိပြီး တွင်း/ဧလားအိမ်သာသုံးစွဲသည့် အိမ်ထောင်စု (၁၁၇)စု နှင့် အိမ်သာမရှိသော အိမ်ထောင်စု(၁) စုရှိသည်။ ကျန်းမာရေး ဗဟုသုတအားနည်းကြသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်သည်။

သယံဇာတအရင်းအမြစ်ရှားပါးသောကျေးရွာဖြစ်သော်လည်း မီးသွေးဖုတ်ခြင်း၊ ထင်းခုတ်ခြင်းစသည်များကြောင့် သစ်တောပြုန်းတီးမှုများရှိသည်။

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်နှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုခေါင်းဆောင်မှု၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများ တက်ကြွစွာပါဝင်မှုမရှိကြသေးပါ။အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသေးပါ။ အမျိုးသမီးများနှင့်လူငယ်များအား အချိုးကျဖွဲ့စည်းခွင့်ပေးရန်၊ အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုသင်တန်း၊ လူကုန်ကူး ကာကွယ်တားဆီးရေး သင်တန်း၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်မှုသင်တန်းတို့ကို ဖွင့်လှစ်ပေးရန်လိုအပ်သည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (ပြည်ထောင်ကျေးရွာ)

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။ စာရင်းနှင့် မှတ်တမ်းရေးသွင်းနည်းသင်တန်း ၃။ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၄။ လေ့လာရေးခရီး	၇
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ စာသင်ကျောင်းပြုပြင်ခြင်း ၂။ ကျောင်းသုံးပရိဘောဂ ၃။ ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း ၄။ ကျောင်းစာကြည့်တိုက်ထူထောင်ခြင်း ၅။ ကျောင်းအားကစားပစ္စည်း ၆။ ကျောင်းကလေးကစားကွင်းတည်ဆောက်ခြင်း ၇။ ဆင်းရဲသားပညာရေးရန်ပုံငွေထူထောင်ခြင်း	၂
၃	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျန်းမာရေးအသိပညာပေးသင်တန်း (အိပ်ခ်ျအိုင်ဗီ, အေအိုင်ဒီအက်စ်၊ ငှက်ဖျား၊ တီဘီ စသဖြင့်) ၂။ ဆေးစိမ်ခြင်ထောင် ၃။ အရံသားဖွါးသင်တန်း ၄။ ရှေးဦးသူနာပြုသင်တန်း ၅။တိုင်းရင်းဆေးသင်တန်း ၆။ ငှက်ဖျားဆေးထောက်ပံ့ခြင်း ၇။ ကွန်ဒုံးဖြန့်ဖြူးခြင်း/ထောက်ပံ့ပေးခြင်း ၈။ အရေးပေါ်လူနာတင်ယာဉ်ထူထောင်ခြင်း	၃

၄	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း	၁
၅	ကျေးရွာလျှပ်စစ်မီးလင်းရေးဖွံ့ဖြိုးရေးစီမံကိန်း	၁။ ဆင်းရဲသောအိမ်ထောင်စုများအတွက်လျှပ်စစ်မီးတိုးချဲ့ရေး	၉
၆	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ မျိုးကောင်းမျိုးသန့် ရရှိရေး (စပါး၊ ပဲ၊ ပြောင်း) ၂။ လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း	၈
၇	မွေးမြူရေးထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ ကာကွယ်ဆေးထိုးခြင်း	၁၁
၈	ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း	၁။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ ၂။ မွေးမြူရေးချေးငွေ ၃။ အသေးစားဝင်ငွေတိုးလုပ်ငန်းများအတွက် ချေးငွေ	၄
၉	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ ဝါရိန်ဆော်သင်တန်း ၂။ သံပန်းပြုလုပ်နည်းသင်တန်း ၃။ စက်ချုပ်သင်တန်း	၆
၁၀	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ ကွန်ပျူတာသင်တန်း ၂။ အင်္ဂလိပ်စကားပြောသင်တန်း ၃။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း ၄။ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာပေး သင်တန်း ၅။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း ၆။ လူကုန်ကူးကာကွယ်တားဆီးရေးအသိပညာပေး	၆

		သင်တန်း ၇။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း ၈။ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း ၉။ နှစ်စဉ် အားကစားပြိုင်ပွဲကျင်းပပေးခြင်း ၁၀။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း	
၁၁	အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေ သင်တန်း ၂။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း ၃။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း	၁၀

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များ (ပြည်ထောင်ကျေးရွာ၊ နန်းကွေ့အုပ်စု၊ မြစ်ကြီး နား မြို့နယ်)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	ရာခိုင်နှုန်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈	၁.၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၄	၁၂	၃၆	၆.၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၄	၂၃	၄၇	၈.၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၉	၂၅	၅၄	၁၀.၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၇	၂၀၆	၃၆၃	၆၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၆	၁၂	၁၈	၃.၄
စုစုပေါင်း		**၂၄၄**	**၂၈၂**	**၅၂၆**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု (၁၁၈)		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၄၅**			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၁၈ ရှိပြီး လူဦးရေပေါင်း ၅၂၆ (ကျား ၂၄၄ + မ ၂၈၂) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၄၅ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက်လျော့နည်းနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၈ ဦး၊ ၁.၅% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်းအလွန်ကျဆင်းလာ နေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက် ကလေး ၃၆ ဦး (၆.၈%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင် မည်။ မူလတန်းအရွယ် ကလေး ၄၇ ဦး (ကျား ၂၄+ မ၂၃) နှင့် အလယ်တန်း ကျောင်း သားအရွယ် ၅၄ ဦး (ကျား ၂၉ +မ ၂၅) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၃၆၃ (ကျား ၁၅၇+ မ ၂၀၆)၊ (၆၉%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအသင့်အတင့်များပြားသည်ကို တွေ့ရ

သည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄၉ ဦး (၁၃.၅%) ပိုများနေသော်လည်း လုပ်အားခတွင် အမျိုးသမီးများလုပ်အားခမှာ နည်းနေပြီး တန်းတူမရကြောင်းကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၈ ဦး (ကျား ၆+မ ၁၂) ဦး (၃.၄%) ရှိသဖြင့် သက်ကြီးရွယ်ကြီး အရေအတွက်အလွန်နည်းပြီး ကျေးရွာတွင် ကျန်းမာရေးအခြေအနေ (သို့မဟုတ်) လုံခြုံရေးအခြေအနေ ညံ့သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် ၆ ဦး (၂၀) (၆၆.၇%) ပို များနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ပိုရှည်သည်ကို တွေ့နိုင် သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၄	၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၈	၁	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁၅	၁၄	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၅	၂	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၃၀	၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂	၁၀	၄	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၇	၅	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၃	၂၈	၁၅	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၅	၅	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၂	၆၈	၃	☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၁၁၈**	**၂၀၉**	၅၈	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ ၁၁၈ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက ကိုယ်ပိုင် လုပ်ကိုင်သူ (၂၀) အိမ်နှင့် အလုပ်သမားအနေဖြင့် လုပ်ကိုင်သူ ၆ အိမ်(ကပ ၂၄ + လသ ၈)၊ မွေးမြူရေးအဓိကလုပ်ကိုင်သူ ၁ အိမ်၊ အလုပ်သမားအနေဖြင့်လုပ်ကိုင်သူ ၂ အိမ်၊ ဆောက်လုပ်ရေးလက်သမား အဓိကလုပ်ကိုင်သူ ၂ အိမ်၊ ယာဉ်စက်ပြင်လုပ်ကိုင်သူ ၁ အိမ်၊ စျေးရောင်းသူကိုယ်ပိုင်၂၅ အိမ်၊ အလုပ် သမားအဖြစ်စျေးရောင်းလုပ်ကိုင်သူ ၁ အိမ်၊ ပို့ဆောင်ရေး ကိုယ်ပိုင်အဓိကလုပ်ကိုင်သူ ၂ အိမ်နှင့် အငှါး လုပ်ကိုင်သူ ၁ အိမ်၊ ပြည်သူ့ဝန်ဆောင်မှု စစ်မှုထမ်းသူ ၁၂ အိမ်၊ ကျပန်းလုပ်ကိုင်သူ ၄၂ အိမ် စုစုပေါင်း (၁၁၈) အိမ်ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူ (၅၀) အိမ်နှင့် အလုပ်သမားဝန်ထမ်းလုပ်ကိုင်သူ (၆၈) အိမ်ရှိသည်။ တွဲဖက် လုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးရှိသည့်အနက် စိုက်ပျိုးရေးကို တွဲဖက်လုပ်ကိုင်သူ ၄ ဦး၊ မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သူ ၁၆ ဦး၊ သစ်လုပ်ငန်းဝန်ထမ်း လုပ်ကိုင်သူ ၁ ဦး၊ လက်သမား တွဲဖက်လုပ်ကိုင်သူ ၁ ဦး၊ စျေးရောင်းတွဲဖက်လုပ်ကိုင်သူ ၃ ဦး၊ ပို့ ဆောင်ရေးတွဲ ဖက်လုပ်ကိုင်သူ ၉ အိမ်မှ ၉ ဦး (ကပ ၄ ဦး+ အငှါးအလုပ်သမား ၅ ဦး) စစ်မှုထမ်းတွဲဖက်လုပ်ကိုင်သူ ၁၃ အိမ်မှ ၁၅ ဦး၊ ပညာရေးတွဲဖက်လုပ်ကိုင်သူ ၅ ဦး၊ ကျန်းမာရေးတွဲဖက်လုပ်ကိုင်သူ ၁ ဦး၊ ကျပန်း

လုပ်ငန်းကို တွဲဖက်လုပ်ကိုင်သူ ၃ ဦးရှိသည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၂၅ အိမ်မှ ၂၉ ဦးနှင့် အလုပ်သမား/ဝန်ထမ်းလုပ်ကိုင်သူ ၃၁ အိမ်မှ ၃၅ ဦး အိမ်ဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၃၆၃) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၂၀၉) (ကပ ၈၂ + လုပ်သား ၁၂၇= ၂၀၉) ဦးနှင့် အလုပ်လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက် ရောက်နေသူ စုစုပေါင်း (၆၁) မှအပကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့် အရွယ် ၉၄ ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ ၁၁၈ အိမ်မှ အလုပ်လုပ်နေသူ ၂၀၉ ဦးရှိသောကြောင့် မိသားစုစားဝတ် နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ ၁.၇၇ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၁၁၈ အိမ်မှ ၅၆ ဦးသည်မိသားစုရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၅၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀		၇၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ	နေ့စား		၁၃၀၀၀		၅၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၄ မျိုးရှိသည်ကို တွေ့ရသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများ၊ ယာဉ်စက်ကရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်းနှင့် ဟိုတယ်နှင့်ကျွမ်းကျင် ပညာရှင်များစသည့်လုပ်ငန်းများဖြစ်သည်။ ၄င်းလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူ မရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ယာဉ်စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်းများသည် အမျိုးသားများအတွက် လုပ်အားခဝင်ငွေ အများဆုံး ဖြစ်ပြီး အမျိုးသားတစ်ရက်လုပ်အားခ အများဆုံး ၁၀၀၀၀ ကျပ်မှ အနည်းဆုံး ၅၀၀၀ ကျပ်အထိ ကျွမ်းကျင်မှုအလိုက် ကွာခြားမှုရှိသည်။ အမျိုးသမီးများ အတွက် ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်) လုပ်ငန်းများသည်ဝင်ငွေအများဆုံးရရှိကြပြီး တစ်ရက်လုပ်အားခ အများဆုံး ၁၃၀၀၀ ကျပ်မှ အနည်းဆုံး ၅၀၀၀ ကျပ်အထိ ကျွမ်းကျင်မှုအလိုက် ကွာခြားမှု ရှိကြသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

၈ယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၀	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၅	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၄၆	ကောင်း ☐	သင့်☒	ညံ့ ☐
စုစုပေါင်း	၁၁၁	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ပြည်ထောင်ကျေးရွာတွင် လယ် ၄၀ ဧက၊တောင်ယာ (၂၅)ဧကနှင့် မြေလွပ်လပ် (၄၆)ဧက သာရှိသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းသော်လည်း ကျန်စိုက်ပျိုးမြေများမရှိကြပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် နည်း မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☒
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☒
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ခါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြားတွင်းထွက်သယံဇာတများလည်းမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်ကို အနည်းငယ်ထွက်ရှိသော်လည်း အသုံးပြုနိုင်ခြင်းမရှိကြပါ။ သဘာဝပေါက်ပင် နှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များလည်းမရှိကြဘဲ သယံဇာတအရင်းအမြစ်အလွန်ရှားပါးသော ကျေးရွာ ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ ဧကနှင့် အထက်	၅ ဧကနှင့် ၁၅ ဧကကြား	၂ ဧကနှင့် ၅ ဧကကြား	၂ ဧကအောက်
အိမ်အခြေအနေ	ရောင်စုံသွပ်မိုး၊ အုပ်ကာ၊ ကြွေပြားခင်း	ပျဉ်ကာ၊ ပျဉ်ခင်း	ရိုးရိုးသွပ်၊ ထရံကာ	ထရံကာ၊ ဝါးကြမ်းခင်း၊ မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား ၂-၃ စီး၊ ဖုန်း၅ လုံး၊ ရေခဲသေတ္တာ ၁	ကား ၁-၂ စီး၊ ဖုန်း၃ လုံး၊ ရုပ်မြင်သံကြား ၁	ရုပ်မြင်သံကြား ၁ လုံး။	ဆိုင်ကယ် ၁ စီး၊ ရုပ်မြင်သံကြား ၁ လုံး။

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
	ခု	ခု။		
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူကြီး/အရောင်းအဝယ်	တောင်သူလတ်/ဝန်ထမ်း/ဈေးရောင်း	ဆင်းရဲသားတောင်သူ	မြေယာမဲ့/ကျပန်းနေ့စားလုပ်သား
အိမ်ထောင်စု (၁၁၈)	၁၀	၃၄	၆၉	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ပြည်ထောင်ကျေးရွာတွင် အိမ်ခြေ ၁၁၈ အိမ်ရှိပြီး အဆင့် ၁ (၁၀) အိမ် (၈.၅ %)၊ အဆင့် ၂ (၃၄)အိမ် (၂၈.၈%)၊ အဆင့် ၃ (၆၉) အိမ် (၅၈.၅%)၊နှင့် အဆင့် ၄ (၅) အိမ် (၄.၂%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂အိမ်အရေ အတွက်မှာ နည်းပြီး ၁၁၈ အိမ်ထောင်စုအနက် (၄၄) အိမ် သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၁၁၈ အိမ်အနက် ၇၄ အိမ် ရှိသည်။ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသော ကြောင့် ပြင်ပ (ပြည်တွင်း /ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက်		အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၇ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းရှိ အဆင်မပြေသောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများ၏ ၃၀ရာခိုင်နှုန်းဖြစ်သော ၂၂အိမ်ထောင်စုခန့်မှ ၇ အိမ်လောက်သာ ဆွေမျိုးများထံတွင် ချေးယူ၍ ဖြေရှင်းကြောင်းတွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများမှာ ဝမ်းစာမဖူလုံသော အိမ်ထောင်စုများမဟုတ်ကြောင်းတွေ့ရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု		၂	
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု		-	
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု		-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် သောအိမ်ထောင်စုမှာ ၂စု တို့မှာ ဆင်းရဲသောကြောင့် အမျိုးသားများမှာမိမိဒေသတွင်း အလုပ်အကိုင်ရှားပါး သဖြင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရာမှ အသက်ဆုံးရှုံးကြရသည့် အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေတိုးလာနိုင်ပါသည်။ မူးယစ်ဆေးဝါးနှင့်လောင်းကစား အသိပညာ ပေး ဟောပြောပေးရန်လိုအပ်သည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၃	တိဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ဝမ်းစာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးမှု၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီး ဘေး၊ ဆားငန်ရေဝင်မြေ၊ ကိုယ်ခံအားကျဆင်းမှု၊ ပြည်တွင်းမဋိပက္ခ၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု စသည့် ထိခိုက်သက်ရောက်မှုများ မရှိ။

ငှက်ဖျားရောဂါကျရောက်မှု၊ တီဘီရောဂါ၊ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုစသည့် ထိခိုက် လွယ်မှုမှာ နိမ့်ဖြစ်ပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဆေးစိမ်ခြင်ထောင်၊ ခြင်ဆေးဗူး၊ အိပ် ချ် အိုင်ဗီ ပညာပေးခြင်း၊ ကွန်ဒုံးဖြန့်ဖြူးခြင်းများ လိုအပ်သည်။ ထူးခြားသော ထိခိုက်သက်ရောက် လွယ် မှုများ မရှိကြပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများသည် ထိခိုက် သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်များထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိကအလုပ်လုပ်ကိုင်ရသူများ ဖြစ်ပြီး မိသားစုနှင့်ဝေးကွာစွာ သွားရောက် အလုပ်လုပ်

ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူကူးစက်ခံရနိုင်မှုများခြင်း၊ ယာဉ်တိုက်မှု အန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားများ၊ ကျပန်းများမှာလည်း ပုံမှန်အလုပ်အကိုင်မရှိခြင်းနှင့် လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းပါးခြင်းမှာ အချိန်မရွေးဖြစ်နိုင်သောကြောင့် ထိခိုက်သက်ရောက် နိုင်မှု မြင့်သည်။

လှည့်လည်သွားလာ၍ ဈေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကားမောင်းပြီး အသက်မွေး သူများသည် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်၊ အနိုင်ကျင့်ခံရမှု၊ ယာဉ်တိုက်မှု စသည်ထိခိုက်သက်ရောက် နိုင်မှု နိမ့်အခြေအနေတွင်ရှိသည်။ ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁☐ ၂☒ ၃☐				ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၂	မီးသတ်	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☐ သင့် ☒ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	ရပ်မိ/ရပ်ဖ	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၄	အပျို/လူပျို	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၅	ဂေါပက	၁☐ ၂☐ ၃☒				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☒ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး ပညာရေးသီးသန့် လုပ်ဆောင်သောအဖွဲ့ (၁)ဖွဲ့၊ဘာသာရေးသီးသန့်လုပ်ဆောင်သောအဖွဲ့ (၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ (၁) ဖွဲ့ နှင့် သာရေးနာရေး၊ဘာသာရေးလုပ်ဆောင်သောအဖွဲ့(၁)ဖွဲ့၊ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ဆောင်သော အဖွဲ့(၁) ဖွဲ့ ရှိသည်။၄င်းအဖွဲ့များ အားလုံး၏ စွမ်းဆောင်ရည်မှာ အသင့်အတင့်သာဖြစ်သည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International,**

Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

